**(NUG) အစိုးရလူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၏ အကြံပေး ဦးအောင်ကျော်မိုး အား ဘင်္ဂလားဒေ့ရှ် နိုင်ငံရောက် ရိုဟင်ဂျာဒုက္ခသည်စခန်းများရှိ အရပ်ဖက်အဖွဲ့အစည်းများမှ ကြိုဆိုထောက်ခံကြောင်း သဘောထား ထုတ်ပြန်ချက်။**

ရက်စွဲ ။ ။၂၀၂၁ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ် ဩဂုတ်လ (၂၇)ရက်နေ့ ရက်စွဲပါ အကြံပေးအဖွဲ့ ဖွဲ့စည်းရာတွင် ရိုဟင်ဂျာတဦးဖြစ်သည့် ရခိုင်ပြည်နယ် ဇာတိဖြစ်သူ ဦးအောင်ကျော်မိုး ကို လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၏ အကြံပေးအဖွဲ့ဝင် အဖြစ် ခန့်အပ်ခြင်းအား ကြိုဆိုထောက်ခံကြောင်း သဘောထား ထုတ်ပြန်အပ်သည်။

ဦးအောင်ကျော်မိုး သည် မိမိတို့ ရိုဟင်ဂျာများအရေး အပြင် ရခိုင်ပြည်နယ်တွင်းရှိ လူမျိုးစုအသီးသီးတို့၏ အရေးကိစ္စများ ၊ မတူကွဲပြားတဲ့ လူမျိုးစုများကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးတို့အတွက် နှစ်ကာလ ကြာရှည်စွာ ကြိုးပမ်း အားထုတ်ခဲ့သော ဒီမို ကရေစီနှင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသည့် ခေါင်းဆောင်တဦး ဖြစ်ပြီး နိုင်ငံတကာအဖွဲ့အစည်းများ လူသားချင်း စာနာ ထောက်ထားမှု အကူအညီပေးရေး အစီအစဉ်များတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့သူတစ်ဦးလည်း ဖြစ်သည်။
ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ရိုဟင်ဂျာဒုက္ခသည်စခန်းများတွင် ပညာရေး၊ လူသားချင်းစာနာမှုနှင့်လူ့အခွင့်အရေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်လာသူတစ်ဦးလည်းဖြစ်ပါသည်။

ဦးအောင်ကျော်မိုးသည် ၂၀၁၈ ခုနှစ်တွင် UK မှ ချီးမြှင့်သည့် Tomorrow Peace Builder ဆု၊ ၂၀၁၉ ခုနှစ်တွင် ဥရောပသမဂ္ဂမှ ချီးမြှင့်သော ချူမန်းလူ့အခွင့်အရေးဆု ၊ ကမ္ဘာလုံးဆိုင်ရာ ဗဟိုဝါဒတွန်းကားရေးစင်တာနှင့် ကနေဒါအစိုးရတို့ပူးတွဲချီးမြှင့်သည့် ၂၀၁၉ ခုနှစ်၊ ကမ္ဘာလုံးဆိုင်ရာ မတူကွဲပြားမှုမြှင့်တင်ရေးဆု ၊ ၂၀၂၀ ခုနှစ်တွင် ပြင်သစ်အစိုးရက ချီးမြှင့်သည့် လူ့အခွင့်အရေးဆုများ စသည့်နိုင်ငံတကာဆုများစွာရရှိထားသူ ရိုဟင်ဂျာလူမျိုးတစ်ဦးဖြစ်သည်။

ဦးအောင်ကျော်မိုးသည် မြန်မာနိုင်ငံ ၊ထိုင်း၊ အာဖ်ဂန်နစ္စတန် နှင့် အဖရိကတိုက်ရှိ လိုက်ဘေးရီးယားနိုင်ငံတို့တွင်ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၌ အကြီးတန်းအရာရှိအဖြစ် ဆယ်စုနှစ်ကျော်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတကာအတွေ့အကြုံများစွာရှိသူတစ်ဦးဖြစ်ပါသည်။

ဦးအောင်ကျော်မိုးသည် အမေရိကန်ပြည်ထောင်စု ဂျော့ဂျ်ဒဗလျူ ဘုရှ် သမ္မတစင်တာမှာ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် ခေါင်းဆောင်မှုပညာရပ်၊ သမ္မတအိုဘားမားရဲ့ ဖေါင်ဒေးရှင်းမှာ ခေါင်းဆောင်မှုပညာရပ်၊ ဩစ တြေးလျ နိုင်ငံ Deakin University မှာ လူသားချင်းစာနာမှုရေးရာခေါင်းဆောင်မှု ဘွဲ့လွန်ပညာများကိုဆည်းပူးခဲ့ပြီး အခါအားလျော်စွာ ရခိုင်ပြည်နယ် နှင့်ကူတူပါလောင် ဒုက္ခသည်စခန်းရှိရိုဟင်ဂျာလူငယ်များကို ပညာသင်ကြားပေးနေသူတစ်ဦးဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်းက ရိုဟင်ဂျာများ အပေါ် ပစ်မှတ်ထား ကျူးလွန်ခဲ့သည့် ဖိနှိပ်မှုများ၊ အကြမ်းဖက်မှုများ၊ စစ်ရာဇဝတ်မှုများ၊ သေကြေ ဖျက်ဆီးစေရန် တမင် ရည်ရွယ်၍ သတ်ဖြတ်မှုများအား တည်ရှိနေသော မှတ်တမ်း၊ အချက်အလက်များ အတိုင်း အတိအကျ မှတ်တမ်းတင် ထားရှိရန်နှင့် ရှေ့အနာဂတ်တွင် ယခင်က ကဲ့သို့ အခြေအနေဆိုးများ မဖြစ်ပေါ်လာစေရန် အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရမှ လက်တွေ့ကျကျ အကာကွယ်ပေးရန်နှင့် အာမခံရန်ဖြစ်သော ရိုဟင်ဂျာများ၏ တောင်းဆိုချက်များမှာ-

(၁) ရိုဟင်ဂျာများသည် အမိမြန်မာနိုင်ငံအတွင်းက မူလဌာနေ တိုင်းရင်းသားများ ဖြစ်သည့် အားလျော်စွာ တိုင်းရင်းသား မျိုးနွယ်စု

အဖြစ် အသိအမှတ်ပြု ကြေညာပေးရန်နှင့် ရိုဟင်ဂျာများ၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေး လက္ခဏာများအား ပြည်ထောင်စုအဆင့်မှ ထိန်းသိမ်း ကာကွယ်ပေးရေး ဥပဒေပြဌာန်းပေးရန်။

(၂) ရိုဟင်ဂျာများ၏ မွေးရာပါ အခွင့်အရေးနှင့် နိုင်ငံသားဖြစ်မှုအား ခြွင်းချက် မရှိ အသိအမှတ်ပြုရန်။

(၃) ရိုဟင်ဂျာများ တိုင်းရင်းသား/နိုင်ငံသား ဖြစ်မှုအား ရည်ရွယ်ချက်ရှိရှိ ကန့်သတ်ပိတ်ပင်ထားသော စစ်အာဏာရှင်တို့ အလိုကျရေးဆွဲပြဌာန်းခဲ့သော ၁၉၈၂ခု နိုင်ငံသားဥပဒေအား ဖျက်သိမ်း၍ နိုင်ငံတကာစံချိန်စံညွှန်းများ၊ လူ့အခွင့်အရေး စံနှုန်းများနှင့် ကိုက်ညီသည့် မြန်မာနိုင်ငံသား ဥပဒေသစ်အား ပြန်လည်ရေးဆွဲ အတည်ပြု ပြဌာန်းရန်။

(၄) အကြမ်းဖက်ခံရ၍ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ကြရသော ရိုဟင်ဂျာများအား ၎င်းတို့၏ မူလနေရပ်ဌာနေ များတွင် ဂုဏ်သိက္ခာရှိရှိ ပြန်လည် နေနိုင်ရေးနှင့် ဖျက်ဆီးဆုံးရှုံးခံ ပစ္စည်းပစ္စယအရပ်ရပ်အတွက် ထိုက်တန်သော လျော်ကြေးများ ပြန်လည် တာဝန်ယူ အာမခံ စီစဉ်ပေးရန်။

(၅) ရိုဟင်ဂျာ အပါအဝင် လူနည်းစု၊ မျိုးနွယ်စုများအားအများနည်းတူ တန်းတူညီမျှမှု၊ လုံခြုံမှုရှိပြီး အာမခံမှု အပြည့်အဝရရှိရေး အလို့ငှါ တိကျခိုင်မာတဲ့ ဥပဒေ၊ နည်းဥပဒေများအား ပြဌာန်းပြီး ပြည်ထောင်စုအဆင့်မှလိုက်နာကျင့်သုံးပါရန် ကျွန်ုပ်တို့ ရိုဟင်ဂျာများမှ တောင်းဆိုအပ်ပါသည်။

အထက်ပါတောင်းဆိုချက်များ အမြန်ဆုံးလက်တွေ့ အကောင်အထည်ဖော်လာရန် ဦးအောင်ကျော်မိုး အနေဖြင့် NUG အစိုးရအား ထိရောက်စွာညှိနှိုင်းအကြံပြုဆောင်ရွက်နိုင်မည်ဟု မိမိတို့ရိုဟင်ဂျာများကမျှော်လင့်ပါသည်။

**<u>ကြိုဆိုထောက်ခံသည့်အဖွဲ့အစည်းများ</u>**

1. Rohingya Youth Association (RYA)
2. Rohingya Women Development Forum (RWDF)
3. Arakan Rohingya Cultural Association (ARCA)
4. Arakan Rohingya Society for Peace and Human Rights (ARSPH)
5. Rohingya Youth for Legal Action (RYLA)
6. Rohingya Student Union (RSU)
7. Youths for Rohingya Development (YRD)
8. Arakan Rohingya National Union (ARNU).
9. Rohingya Youths Unity Team (RYUT)
10. Rohingya Education Development Plan (REDP)
11. Rohingya Youth Federation (RYF)
12. Bright Future Academy (BFA)
13. Rohingya Women Empowerment and Advocacy Network (RWEAN)
14. Education and Wisdom Development for Rohingya Women (EWDRW)
15. Rohingya Refugee Committee (RRC)
16. Rohingya Students Network (RSN)
17. Voice of Rohingya (VOR)